# တိုင်းရင်းသားလူမျိုးများ၏ငြိမ်းချမ်းရေးဆိုင်ရာနိုင်ငံရေးလုပ်ငန်းစဉ် ( ၆ ) ချက်

(၁) တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အမျိုးသမီးနှင့် လူငယ်ထုအပါအဝင် Civil Societies တို့တွေ့ဆုံဆွေးနွေးပွဲကျင်းပပြီး **"နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာမူဘောင်"** (Framework for Political Dialogue) တွင် ပါဝင်မည့်အချက်အလက်များကို သဘောတူ ချမှတ်ရန်။

(၂) ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များနှင့် လက်နက်ကိုင်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ စုစည်းထားသော ကိုယ်စားလှယ်များအကြားတွေ့ဆုံဆွေးနွေး၍ **"တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား"** (The Framework of Political Dialogue) သဘောတူညီချက် ရရှိရန်။

ထိုသို့ပြုလုပ်ရာတွင် -

(က) ဘက်နှစ်ဘက်မှ လက်ခံနိုင်သောနေရာတွင် ဆွေးနွေးရန်။

(ခ) ဆွေးနွေးစဉ်နှင့် သဘောတူညီချက်များကိုအကောင်အထည်ဖော်ရာတွင် ဘက်မလိုက်သောနိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့ထားရှိရန်နှင့် သဘောတူညီချက်များကို အများပြည်သူသိရှိအောင် လွတ်လပ်သောမီဒီယာများမှတဆင့် ပူးတွဲထုတ်ပြန်ရန်။

(၃) ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသားတော်လှန်ရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးပွဲမှ **"တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်သဘောထား"** (The Framework of Political Dialogue) သဘောတူညီချက်ရရှိပြီးမှ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအလိုက်သော်လည်းကောင်း၊ လူမျိုးအလိုက်သော်လည်းကောင်း တိုင်းရင်းသားတို့၏ ညီလာခံများကျင်းပပြီး ရှင်းလင်းညှိနှိုင်းသဘောထား ရယူသွားရန်။

(၄) တနိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းရင်းသားများ၏ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများအပါအဝင် Civil Societies အဖွဲ့အစည်းများမှကိုယ်စားလှယ်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော တိုင်းရင်းသားလူမျိုးစုံ ညီလာခံတခုကို ခေါ်ယူကျင်းပသွားရန်။

(၅) တိုင်းရင်းသားအင်အားစုများ၏ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီနည်းအရလှုပ်ရှားနေကြသော နိုင်ငံရေးအင်အားစုများ၏ကိုယ်စားလှယ်များ၊ အစိုးရကိုယ်စားလှယ်များ အချိုးညီပါဝင်ပြီး အင်အားစုသုံးစုစလုံးလက်ခံနိုင်သော ပုံစံဖြင့် ပင်လုံစိတ်ဓါတ်ကိုအခြေခံသော ပြည်ထောင်စုညီလာခံကြီးတရပ် ကျင်းပသွားရန်။ ထိုညီလာခံကြီးမှ ချမှတ်သော သဘောတူညီချက်များကို **"တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord)** အဖြစ် သဘောတူလက်မှတ်ရေးထိုးရန်။

(၆) **"တိုင်းရင်းသားလူမျိုးများဆိုင်ရာ ပြည်ထောင်စုသဘောတူညီချက်" (Union Accord)** ကို အချိန်အတိအကျ သတ်မှတ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

---